ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၃၃ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

# လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့်အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့် စံပြုလုပ်ထုံးလုပ်နည်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လယ်ယာမြေပေါ်တွင် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန်ဆောင်ရွက်မည့် စံပြုလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်

၁။ ဤစံပြုလုပ်ထုံးလုပ်နည်းများကို လယ်ယာမြေပေါ်တွင် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့် စံပြုလုပ်ထုံးလုပ်နည်းများ ဟု ခေါ်တွင်စေရမည်။

၂။ ဤစံပြုလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကျူးလွန်အသုံးပြုထားခြင်း** ဆိုသည်မှာ လယ်ယာမြေကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းအသုံးပြုခြင်း၊ သတ်မှတ်ထားသော စည်းကမ်းချက်များကို ကျူးလွန်ဖောက်ဖျက်ခြင်း၊ ပေးအပ်ထားသော အခွင့်အရေးများထက် ကျော်လွန်အသုံးပြုထားခြင်းတို့ကို ဆိုသည်။

(ခ) **ကျူးလွန်သူ** ဆိုသည်မှာ လယ်ယာမြေကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းအသုံးပြုသူ၊ သတ်မှတ်ထားသော စည်းကမ်းချက်များကို ကျူးလွန်ဖောက်ဖျက်သူ၊ ပေးအပ်ထားသော အခွင့်အရေးများထက် ကျော်လွန်အသုံးပြုထားသူနှင့် ထိုသူထံမှ ဝယ်ယူခြင်းအားဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ လွှဲပြောင်းလက်ခံရရှိထားသူကို ဆိုသည်။

(ဂ) **အဆင့်မြှင့်တင်ထားသည့်လယ်မြေ** ဆိုသည်မှာ လယ်ယာမြေတွင် အခြေခံအဆောက်အအုံများဖြစ်သော ကုန်ထုတ်လမ်းများ ရေသောက်စနစ်တည်ဆောက်ခြင်းများ အပါအဝင် စနစ်တကျဖော်ထုတ်ထားသည့် လယ်မြေ သို့မဟုတ် စက်မှုလယ်ယာစနစ်ကျလယ်မြေတို့အဖြစ် ပြုပြင်ပြောင်းလဲ ဖော်ထုတ်ထားသည့်မြေကို ဆိုသည်။

(ဃ) **ပုံမှန်စိုက်ပျိုးလုပ်ကိုင်နိုင်သည့်လယ်မြေ** ဆိုသည်မှာ သဘာဝအရသော်လည်းကောင်း၊ လူတို့ဖန်တီးသောနည်းလမ်းအရသော်လည်းကောင်း စိုက်ပျိုးရေရယူပြီး ရေထိန်းသိမ်းနိုင်စေရန် ဆောင်ရွက်ထားသည့် စပါးသီးနှံအဓိကစိုက်ပျိုးသောမြေကို ဆိုသည်။

(င) **ဆည်ရေသောက်လယ်မြေ** ဆိုသည်မှာ နိုင်ငံတော်က တည်ဆောက်ထားသော ဆည်၊ ကန်၊ တူးမြောင်း၊ ရေတံခါး၊ ရေနုတ်မြောင်းတို့မှ ရေကိုတစ်နည်းနည်းဖြင့် ရယူအသုံးပြုနိုင်သော လယ်မြေဧရိယာကို ဆိုသည်။

(စ) **လုပ်မြေ** ဆိုသည်မှာ လယ်မြေ၊ လယ်မြေမှတစ်ပါး လယ်ယာမြေများကို အကြောင်းအမျိုးမျိုးကြောင့် စိုက်ပျိုးခြင်းမပြုသောမြေ၊ မစိုက်ပျိုးနိုင်ခဲ့သည့်မြေကို ဆိုသည်။

(ဆ) **ပုံမှန်စိုက်ပျိုးလုပ်ကိုင်နိုင်သည့် လယ်မြေမှတစ်ပါး လယ်ယာမြေများ** ဆိုသည်မှာ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ ဥယျာဉ်မြေ၊ ဓနိမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေများပေါ်တွင် သတ်မှတ်သည့်နည်းလမ်းအတိုင်း စိုက်ပျိုးမှုကို ဆိုသည်။

(ဇ) **ယာမြေ** ဆိုသည်မှာ မြေအခြေအနေတည်တဲ့ခိုင်မြဲ၍ သာမန်အားဖြင့် မိုးရာသီအတွင်း ရေမကြိုက်နှစ်သက်သည့်သီးနှံများ စိုက်ပျိုးပြီး ရေထိန်းရန် ကန်သင်းမဖို့ထားသည့်မြေကို ဆိုသည်။

(ဈ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန် ဆောင်ရွက်မှုအခြေအနေကို ခွင့်ပြုရန် သင့် မသင့် စိစစ်ခွဲခြားရန်အတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် တာဝန်ရှိသူများဖြင့် ဖွဲ့စည်းတာဝန်ပေးထားသည့် ကော်မတီကို ဆိုသည်။

(ည) **မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ လယ်ယာမြေ တွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်ဆောင်ရွက်မှုအခြေအနေကို အပိုဒ် ၅ ပါ သတ်မှတ် ချက်များနှင့်အညီ မြေပြင်ကွင်းဆင်း စိစစ်ခွဲခြား နိုင်ရေးအတွက် လုပ်ငန်းကော်မတီက သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများဖြင့် ဖွဲ့စည်းတာဝန်ပေးထားသည့်အဖွဲ့ကို ဆိုသည်။

(ဋ) **စောင့်ကြည့်စိစစ်တင်ပြရေးအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်များအတွင်း လယ်ယာမြေတွင် ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်းဖြင့် ကျူးလွန် ဖောက်ဖျက်မှု ရှိ မရှိ အား စောင့်ကြည့်စိစစ်တင်ပြနိုင်ရေးအတွက် လုပ်ငန်းကော်မတီက မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များဖြင့် ဖွဲ့စည်းပေးထားသော အဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## ပါဝင်လိုက်နာဆောင်ရွက်ရမည့် ဌာန၊ အဖွဲ့အစည်းများ

၃။ လယ်ယာမြေနှင့်သက်ဆိုင်သူများ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် တာဝန်ပေးအပ်ထားသည့် သက်ဆိုင်ရာ ဌာနနှင့် အဖွဲ့အစည်းများမှ တာဝန်ခံဝန်ထမ်းများ၊ မြို့နယ်နှင့်ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၊ မြို့နယ်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့သည် ပူးပေါင်းပါဝင်၍ ပေါင်းစပ်ဆောင်ရွက်ရမည်။

## အခန်း (၃)

## မြေပြင်ကျူးလွန်အသုံးပြုထားခြင်းများကို စိစစ်ခြင်း

၄။ မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့များသည် ကျူးလွန်အသုံးပြုသည့် မြေအမျိုးအစားများအား အောက်ဖော်ပြပါအတိုင်း ခွဲခြားစိစစ်ဆောင်ရွက်ရမည် -

(က) အဆင့်မြှင့်တင်ထားသည့် လယ်မြေ၊

(ခ) ဆည်ရေသောက် လယ်မြေ၊

(ဂ) ပုံမှန်စိုက်ပျိုးလုပ်ကိုင်နိုင်သည့် လယ်မြေ၊

(ဃ) လုပ်မြေ (လယ်မြေ)၊

(င) ပုံမှန်စိုက်ပျိုးလုပ်ကိုင်နိုင်သည့် လယ်မြေမှတစ်ပါး လယ်ယာမြေ၊

(စ) လုပ်မြေ (လယ်မြေမှတစ်ပါး လယ်ယာမြေ)။

၅။ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များသည် လယ်ယာမြေတွင် ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုထားမှုများနှင့်စပ်လျဉ်း၍ အပိုဒ် ၄ ပါအတိုင်း မြေအမျိုးအစားအလိုက် ခွဲခြားစိစစ်ပြီး ကျူးလွန်အသုံးပြုခြင်းများကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ မပြဋ္ဌာန်းမီ ၃၀-၈-၂၀၁၂ ရက်နေ့ မတိုင်မီကာလနှင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပြဋ္ဌာန်းပြီးနောက် ၁-၉-၂၀၁၂ ရက်နေ့မှ စံပြုလုပ်ထုံးလုပ်နည်းရေးဆွဲရန် အမိန့်ထုတ်ပြန်သည့် ၁၈-၈-၂၀၂၃ ရက်နေ့အထိကာလဟု ပိုင်းခြားသတ်မှတ်၍ အောက်ဖော်ပြပါ သတ်မှတ်ချက် အခြေအနေများနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်ရမည် -

**(က) လူနေအိမ်ရာများအဖြစ် ကျူးလွန်အသုံးပြုထားခြင်း**

(၁) ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံသည် မြို့နယ်နိမိတ် သို့မဟုတ် ကျေးရွာနယ်နိမိတ်အတွင်း ကျရောက်ခြင်း ရှိ မရှိ၊

(၂) ရပ်ရွာဓလေ့ထုံးစံအရ အိမ်ရာမြေထက်ကျယ်ဝန်းသော အခြေအနေ ရှိ မရှိ၊

(၃) ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံ တည်ဆောက်ထားရာ မြေအကျယ်အဝန်းသည် အဆိုပါတည်ဆောက်ထားသော အဆောက်အအုံနှင့် နှိုင်းယှဉ်ပါက လွန်စွာကျယ်ဝန်းနေပြီး နောင်တစ်ချိန် အဆိုပါ ပိုမြေအား ခွဲစိတ်၍ ရောင်းချနိုင်သည့်အခြေအနေ ရှိ မရှိ၊

(၄) ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံအစုအဖွဲ့အတွက် အသုံးပြု နေသော လျှပ်စစ်မီး၊ ရေပေးဝေရေး၊ လမ်းများသည် လူထုဗဟိုပြုစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးရွာသစ်လူပ်ရှားမှု စီမံကိန်းစသည့် ကျေးရွာ စီမံကိန်းများတွင်ပါဝင်ပြီး နိုင်ငံတော်၏ ခွင့်ပြုသည့် သို့မဟုတ် ထောက်ပံ့သည့် ဘဏ္ဍာရန်ပုံငွေများဖြင့် တည်ဆောက်ခဲ့ခြင်း ဟုတ် မဟုတ်၊

(၅) ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံနှင့် မြေနေရာအား ကျူးလွန် သူများတွင် ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်း အထောက်အထားများနှင့် နေထိုင် ခွင့်ပြုထားခြင်း ရှိ မရှိ၊

(၆) ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံနှင့် မြေနေရာအား လက်ရှိ အသုံးပြုသူနှင့် နေထိုင်သူများသည် နိုင်ငံတော်မှ အမည်ပျက်စာရင်း သတ်မှတ် ထားသူများ ဖြစ် မဖြစ်။

မှတ်ချက်။ အိမ်ထောင်စုဝင်များ၏ (လူဦးရေစာရင်း ပုံစံ (၆၆/၆) ပါ) အချက် အလက်များကို တိုက်ဆိုင်စစ်ဆေးခြင်းနှင့်ပတ်သက်၍ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဆက်သွယ် ဆောင်ရွက်ရမည်။

**(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများက ကျူးလွန်အသုံးပြု ထားခြင်း**

(၁) ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံနှင့် မြေသည် အစိုးရဌာနပိုင် အဆောက်အအုံနှင့် မြေ ဟုတ် မဟုတ်နှင့် အဆိုပါ အဆောက်အအုံနှင့် မြေသည် လက်ရှိ ဌာနလုပ်ငန်းများအား ဆောင်ရွက်နေခြင်း ရှိ မရှိ၊

(၂) ကျူးလွန်တည်ဆောက်ထားသော အစိုးရပိုင် အဆောက်အအုံသည် နိုင်ငံတော်မှ ခွင့်ပြု ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်း ဟုတ် မဟုတ်၊

(၃) ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံနှင့် မြေသည် ပုဂ္ဂလိက အဖွဲ့အစည်းများပိုင်အဆောက်အအုံ ဟုတ် မဟုတ်နှင့် အဆိုပါအဆောက်အအုံနှင့် မြေသည် ပုဂ္ဂလိကအဖွဲ့အစည်းများမှ လက်ရှိလုပ်ငန်းများဆောင်ရွက်နေခြင်း ရှိ မရှိ၊

(၄) ပုဂ္ဂလိကအဖွဲ့အစည်းများပိုင် ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံ များဆောက်လုပ်မှုသည် မည်သည့်အဖွဲ့အစည်း၏ ထောက်ပံ့ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်း ဟုတ် မဟုတ်၊

(၅) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ကျူးလွန် အဆောက်အအုံများကို ဖျက်သိမ်းဖယ်ရှားပေးရန်ဖြစ်ပါက အစားထိုးပေးနိုင်မည့် မြေနေရာ ရှိ မရှိ။

(ဂ) **စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျူးလွန်အသုံးပြုထားခြင်း**

(၁) ကျူးလွန်အသုံးပြုမှုနှင့်စပ်လျဉ်း၍ စက်ရုံ၊ ဟိုတယ်၊ ပုဂ္ဂလိကကျောင်း၊ ဈေးဝယ် ကုန်တိုက်၊ မွေးမြူရေးလုပ်ငန်းများ အစရှိသည့် စီးပွားရေးလုပ်ငန်းများဆောင်ရွက် ထားခြင်း၊

(၂) ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံသည် စီးပွားရေးလုပ်ငန်း ဆောင်ရွက်သော အဆောက်အအုံဖြစ်ပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (Myanmar Investment Commission) ၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက် သို့မဟုတ် အလားတူ ခွင့်ပြုချက် အထောက်အထား ရှိ မရှိ၊

(၃) စီးပွားရေးလုပ်ငန်းများဖြင့် ကျူးလွန်အသုံးပြုမှုအတွက် ရရှိလာသော အကျိုး အမြတ်ခံစားခွင့်ကို တည်ဆဲဥပဒေနှင့်အညီ နစ်စဉ်နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခများ ပြေကျေစွာထမ်းဆောင်ခဲ့ခြင်း ရှိ မရှိ၊

(၄) စီးပွားရေး လုပ်ငန်းများအတွက် ကျူးလွန်အသုံးပြုခဲ့သည့် ကာလမှစတင်၍ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့သည့် အချိန်ကာလအထိ အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိရေးဆောင်ရွက်ထားမှု ရှိ မရှိ၊

(၅) စီးပွားရေးလုပ်ငန်းများအတွက် ကျူးလွန်အသုံးပြုခဲ့သည့် လယ်ယာမြေများနှင့် ပတ်သက်၍ မည်ကဲ့သို့ပိုင်ဆိုင်ခဲ့သည်ကို ခွဲခြားစိစစ်ခြင်း၊ ဝယ်ယူခြင်းဖြစ်ပါက အခွန်ပြေကျေမှု ရှိ မရှိ။

(ဃ) **ဘာသာရေးဆိုင်ရာကိစ္စအတွက် ကျူးလွန်အသုံးပြုထားခြင်း**

(၁) ဘာသာရေးဆိုင်ရာအဆောက်အအုံဖြစ်ပါက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ အဖွဲ့၏ ခွင့်ပြုချက် သဘောထားရရှိထားခြင်း ရှိ မရှိ၊

(၂) ကျူးလွန်အသုံးပြုမှုကို ဘုရား၊ စေတီ၊ သိမ်၊ ဓမ္မာရုံ၊ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း နှင့် ဗုဒ္ဓဘာသာ မဟုတ်သော အခြားဘာသာရေး အဆောက် အအုံများ အစရှိသည့် ကျူးလွန်ဆောင်ရွက်ထားခြင်း၊

(၃) ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ကျူးလွန်အသုံးပြုခြင်းကို စိစစ်ရာတွင် ကျူးလွန်အသုံးပြုထားသည့် အဆောက်အအုံအတွင်း သံဃာတော်များ၊ သီလရှင်များ သီတင်းသုံးနေထိုင်မှု ရှိ မရှိ၊ သီတင်းသုံး နေထိုင်မှုရှိပါက သံဃာတော်များသည် ဝါဆိုသံဃာစာရင်းများတွင် ပါဝင်ခြင်း ရှိ မရှိ၊

(၄) ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံအတွင်း နေထိုင်သည့် ဗုဒ္ဓဘာသာမဟုတ်သော အခြားဘာသာဝင်များသည် သက်ဆိုင်ရာ (ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဘာသာရေးဆိုင်ရာ အကြီးအကဲ) ၏ တရားဝင်နေထိုင်ခွင့်ရရှိထားခြင်း ရှိ မရှိ၊

(၅) ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံသည် မြေပြင်ကွင်းဆင်းစိစစ်ဆေးခဲ့သည့် အချိန်ကာလအထိ အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိရေးဆောင်ရွက်ထားမှု ရှိ မရှိ။

**(င) အခြားထည့်သွင်း စိစစ်ရမည့်ကိစ္စရပ်များ**

(၁) ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံ၌ အိမ်ထောင်စုများ အမြဲတစေ နေထိုင်ခြင်း ရှိ မရှိ နှင့် စတင်နေထိုင်ခဲ့သည့် အချိန်ကာလ၊

(၂) ကျူးလွန်တည်ဆောက်ထားသောအဆောက်အအုံအား အဆိုပါ နယ်မြေဒေသ၌ ဆက်လက်ထားရှိရန် သင့် မသင့်ကို စိစစ်နိုင်မည့် အခြားအထောက်အထားများ၊

(၃) ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံကြောင့် ပတ်ဝန်းကျင်ရှိ လယ်ယာမြေများ၏ စိုက်ပျိုးလုပ်ကိုင်မှုကိစ္စရပ်များ ထိခိုက်ခြင်း ရှိ မရှိ၊

(၄) ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံသည် လူနေထိုင်ရန်အတွက် သို့မဟုတ် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် သို့မဟုတ် မည်သည့်ကိစ္စရပ်အတွက် တည်ဆောက်ထားခြင်း၊

(၅) ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံနှင့် မြေနေရာအား လက်ရှိကွပ်ကဲအုပ်ချုပ်နေသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်း ရှိ မရှိ၊

(၆) ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံနှင့် မြေနေရာအား ပြန်လည်ဖျက်သိမ်းဖယ်ရှား လိုက်ခြင်းအားဖြင့် လယ်ယာမြေအဖြစ် ပြန်လည်စိုက်ပျိုးလုပ်ကိုင်နိုင်မည့်အခြေအနေ ရှိ မရှိ၊

(၇) ကျူးလွန်အသုံးပြုထားခြင်းသည် ပုဂ္ဂလိကတစ်ဦးချင်း သို့မဟုတ် အစုအဖွဲ့အလိုက်ကျူးလွန်ခြင်း ဖြစ် မဖြစ်၊

(ဇ) ကျူးလွန်တည်ဆောက်ထားသော အဆောက်အအုံနှင့် မြေနေရာသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခု၏ တရားဝင်စီမံခန့်ခွဲလျက်ရှိသော မြေရိယာများနှင့် လွတ်ကင်းမှု ရှိ မရှိ။

## အခန်း (၄)

## မြေပြင်ကွင်းဆင်းစိစစ်မှုများကို အတည်ပြုသတ်မှတ်ခြင်း

၆။ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များသည် စိစစ်ရာတွင် အပိုဒ် ၅ ပါ သတ်မှတ်ချက်များနှင့်အညီ ကျူးလွန်အသုံးပြုမှု အမျိုးအစားအလိုက် ညီညွတ်မှန်ကန်မှုရှိသော ကိစ္စရပ်များနှင့် ညီညွတ်မှန်ကန်မှုမရှိသော ကိစ္စရပ်များကို ခွဲခြားစိစစ်စာရင်းပြုစုပြီး ကွင်းဆင်းစစ်ဆေးသည့်နေ့မှစတင်၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာလုပ်ငန်းကော်မတီများသို့ တင်ပြရမည်။

၇။ သက်ဆိုင်ရာလုပ်ငန်းကော်မတီများသည် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များ၏ ခွဲခြားစိစစ်တင်ပြမှုများအပေါ် အပိုဒ် ၅ ပါသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုရန် သင့် မသင့် စိစစ်သုံးသပ်၍ လုပ်ငန်းအစီရင်ခံစာကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့တင်ပြရမည်။

၈။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သက်ဆိုင်ရာလုပ်ငန်းကော်မတီ၏ တင်ပြချက်အပေါ် အပိုဒ် ၅ ပါသတ်မှတ်ချက်များနှင့်အညီ ခွဲခြားစိစစ်၍ မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်း ကျရောက်နေခြင်း ရှိ မရှိ တည်နေရာ အားအတည်ပြုပြီး ခွင့်ပြုရန် သင့် မသင့် လျာထားသတ်မှတ်ရမည်။

၉။ ခွင့်ပြုသင့်သောကိစ္စရပ်များအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အကြောင်းကြားချက်အရ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က လယ်ယာမြေနည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ ခွင့်မပြုသင့်သောကိစ္စရပ်များအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အကြောင်းကြားချက်အရ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်နှင့် သက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးအဖွဲ့များသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည်။

## အခန်း (၅)

## ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများ သတ်မှတ်ခြင်း

၁၁။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်အသုံးပြုနေမှုများအပေါ် စိစစ်ရရှိချက်များအားအခြေခံ၍ အောက်ပါနည်းလမ်းသုံးရပ်ဖြင့် ဖြေရှင်းဆောင်ရွက်ရမည်-

(က) ယခင်က ကျူးလွန်ခဲ့သည့် လယ်ယာမြေကို ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခဲ့သည့်ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်း၊

(ခ) လက်ရှိကျူးလွန်ထားသည့် လယ်ယာမြေကို ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခဲ့သည့် ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်း၊

(ဂ) လယ်ယာမြေကို ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခဲ့သည့်ပြဿနာများ နောင်ထပ်မံမဖြစ်ပွား စေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့်နည်းလမ်း။

အခန်း (၆)

ယခင်က ကျူးလွန်ခဲ့သည့် လယ်ယာမြေကို ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခဲ့သည့်ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်း

၁၂။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ မပြဋ္ဌာန်းမီ ၃၀-၈-၂၀၁၂ ရက်နေ့မတိုင်မီ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းကျူးလွန် အသုံးပြုခဲ့သည့်ကိစ္စရပ်များ (မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ် အတွင်းကျရောက်ပြီး လယ်ယာမြေ ဥပဒေပုဒ်မ ၃(က)အရ လယ်ယာမြေဆိုသည့် စကားရပ်တွင် အကျုံးမဝင်သည့်ကိစ္စရပ်များ)နှင့်စပ်လျဉ်း၍

(က) ခွင့်ပြုသင့်သော ကိစ္စရပ်များဖြစ်ပါက-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ သည် လယ်မြေဖြစ်ပါက အပိုဒ် ၅ ပါ သတ်မှတ်ချက်များ ညီညွတ်မှန်ကန်မှု ရှိကြောင်း အချက်အလက် ပြည့်စုံစွာပူးတွဲ၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ သည် လယ်မြေမှတစ်ပါး လယ်ယာမြေဖြစ်ပါက အပိုဒ် ၅ ပါသတ်မှတ်ချက်များ ညီညွတ်မှန်ကန်မှုရှိကြောင်း အချက်အလက် ပြည့်စုံစွာပူးတွဲ၍ သဘောထား မှတ်ချက်ဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့သို့ တင်ပြရမည်။

(၃) လယ်မြေအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကလည်းကောင်း၊ လယ်မြေမှ တစ်ပါးလယ်ယာမြေအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က လည်းကောင်း လယ်ယာမြေဥပဒေပုဒ်မ ၃ (က) ခြွင်းချက် စကားရပ်ပါ မြေများကို လယ်ယာမြေစာရင်းမှ ထုတ်နုတ်ခြင်းနှင့် သက်ဆိုင်ရာမြေမျိုးသို့ စာရင်းမြေပုံ ပြောင်းလဲမှတ်သားခြင်းတို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေး အကြောင်း ကြားရမည်။

(၄) လယ်ယာမြေဥပဒေနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးခြင်းကို ဆောင်ရွက်လျှင် နောက်ဆက်တွဲ ဇယားပုံစံ-၁ ပါ ဒဏ်ကြေးကို ပေးဆောင်ပြီးကြောင်း အထောက် အထားတင်ပြပြီးမှသာ အပိုဒ်ခွဲငယ် (၃) ပါအတိုင်း အကြောင်းကြားရမည်။

(၅) အပိုဒ်ခွဲငယ် (၃) နှင့် (၄)ပါ မြေနေရာသည် နေပြည်တော်၊ ရန်ကုန်မြို့တော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းဖြစ်ပါက နေပြည်တော်၊ ရန်ကုန်မြို့တော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြမြေ စီမံခန့်ခွဲရေးဌာနသို့ လည်းကောင်း၊ ကျန်မြို့နယ်များအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လည်းကောင်း မြေငှားဂရန်ရရှိရေးနှင့် မြေအား ပိုင်ရေးပိုင်ခွင့်ရရှိရေးအတွက် ခွင့်ပြုမိန့်ရရှိသူက ဆက်လက်ဆောင်ရွက်ရမည်။

(ခ) ခွင့်မပြုသင့်သောကိစ္စရပ်များဖြစ်ပါက-

(၁) အပိုဒ် ၁၀ ပါ အကြောင်းကြားချက်နှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့များသည် ဖျက်သိမ်းဖယ်ရှားမည့် အစီအစဉ်ကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြရမည်။

(၂) အပိုဒ်ခွဲငယ် (၁) ပါ တင်ပြမှုအပေါ် အတည်ပြုပါက သက်ဆိုင်ရာ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့က ကျူးလွန်အသုံးပြု ထားမှုကို ဖျက်သိမ်း ဖယ်ရှားနိုင်ရေး ဆောင်ရွက်ရမည်။

(၃) ဖျက်သိမ်းဖယ်ရှားပြီးနောက် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ် သတ်မှတ် နိုင်ရေးဆောင်ရွက်ရမည်။

၁၃။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ မပြဋ္ဌာန်းမီ ၃၁-၈-၂၀၁၂ ရက်နေ့မတိုင်မီ လယ်ယာမြေကို **ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းကျူးလွန် အသုံးပြုခဲ့သည့်ကိစ္စရပ်များ (မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ် အတွင်း မကျရောက်သည့်ကိစ္စရပ်များ)နှင့်စပ်လျဉ်း၍**

(က) ခွင့်ပြုသင့်သော ကိစ္စရပ်များဖြစ်ပါက-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ သည် လယ်မြေဖြစ်ပါက အပိုဒ် ၅ ပါ သတ်မှတ်ချက်များ ညီညွတ်မှန်ကန်မှု ရှိကြောင်း အချက်အလက်ပြည့်စုံစွာပူးတွဲ၍ သဘောထားမှတ်ချက်ဖြင့် တင်ပြ ရမည့်အပြင် မည်သည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၌ မည်ကဲ့သို့သွတ်သွင်း၍ စီမံအုပ်ချုပ်မည်ကို သက်ဆိုင်ရာ အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

(၂) အပိုဒ်ခွဲငယ် (၁) ပါ တင်ပြလာမှုအပေါ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၏ သဘောထား မှတ်ချက်များရယူဆောင်ရွက်ရမည်။

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေဖြစ်ပါက အပိုဒ် ၅ ပါ သတ်မှတ်ချက်များ ညီညွတ်မှန်ကန်မှုရှိကြောင်း အချက်အလက် ပြည့်စုံစွာပူးတွဲ၍ တင်ပြရမည့်အပြင် မည်သည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၌ မည်ကဲ့သို့ သွတ်သွင်း၍ စီမံအုပ်ချုပ်မည်ကိုပါ အကြံပြုချက်နှင့်အတူ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

(၄) အပိုဒ်ခွဲငယ် (၃) ပါ တင်ပြလာမှုအပေါ် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များ ရယူဆောင်ရွက်ရမည်။

(၅) သဘောထားမှတ်ချက်များတောင်းခံရာတွင် အောက်ဖော်ပြပါ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများပါဝင်ရမည်-

(ကက) ပြည်ထဲရေးဝန်ကြီးဌာန၊

( ခခ ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

( ဂဂ ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊

(ဃဃ) ဆောက်လုပ်ရေးဝန်ကြီးဌာန၊

( ငင ) ခွင့်ပြုသင့်သည့်ကိစ္စရပ်နှင့် သက်ဆိုင်သည့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန၊

(စစ) လုံခြုံရေးပိုင်းဆိုင်ရာကိစ္စနှင့်ပတ်သက်ပါက ကာကွယ်ရေးဝန်ကြီးဌာန။

(၆) လယ်မြေအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကလည်းကောင်း၊ လယ်မြေမှတစ်ပါးလယ်ယာမြေအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကလည်းကောင်း လယ်ယာမြေအား အခြားနည်းသုံးစွဲခွင့် ခွင့်ပြုမိန့်အား တည်ဆဲလယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထုတ်ပေးရမည်။

(၇) လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးခြင်းကို ဆောင်ရွက်လျှင် နောက်ဆက်တွဲ ဇယားပုံစံ-၂ ပါ ဒဏ်ကြေးကို ပေးဆောင်ပြီးကြောင်း အထောက်အထားတင်ပြပြီးမှသာ အပိုဒ်ခွဲငယ် (၆) ပါအတိုင်း ခွင့်ပြုမိန့်ထုတ်ပေးရမည်။

(ခ) ခွင့်မပြုသင့်သော ကိစ္စရပ်များဖြစ်ပါက-

(၁) အပိုဒ် ၁၀ ပါ အကြောင်းကြားချက်နှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့များသည် အဆိုပါ လယ်ယာမြေအား လယ်ယာမြေဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေခြင်း၊ လယ်ယာမြေ ဥပဒေ ပုဒ်မ ၁၉ နှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်စေခြင်း၊ တည်ဆောက် ထားသောအဆောက်အအုံအား ဖျက်သိမ်းခြင်းစသည်တို့ ဆောင်ရွက်ရမည်။

(၂) အဆင့်မြှင့်တင်ထားသည့် လယ်မြေများ၊ ဆည်ရေသောက်လယ်မြေများ၊ ပုံမှန် စိုက်ပျိုးလုပ်ကိုင်နိုင်သည့် လယ်ယာမြေများ၊ ပုံမှန်စိုက်ပျိုးလုပ်ကိုင်နိုင်သည့် လယ်မြေမှ တစ်ပါးလယ်ယာမြေများဖြစ်ခဲ့ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သည် ကျူးလွန်သူအား မူလအတိုင်းပြန်လည်စိုက်ပျိုးစေရမည်။

(၃) ကျူးလွန်သူသည် မူလစိုက်ပျိုးခဲ့သော သီးနှံအမျိုးအစားကို ပြန်လည်စိုက်ပျိုးခြင်း မဆောင်ရွက်နိုင်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေ ဥပဒေ ပုဒ်မ ၁၉ ပါ ပြစ်ဒဏ်ချမှတ်၍ သင့်လျော်သည့် သီးနှံအမျိုးအစားကို စိုက်ပျိုးစေခြင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပြန်လည် ရုပ်သိမ်းခြင်းကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက် ရမည်။

(၄) အပိုဒ်ခွဲငယ်(၃)ပါအတိုင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသည် လယ်မြေဖြစ်ပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့လည်းကောင်း၊လယ်မြေမှတစ်ပါး လယ်ယာမြေ ဖြစ်ပါက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့သို့လည်းကောင်း တင်ပြရမည်။

## အခန်း (၇)

## လက်ရှိကျူးလွန်ထားသည့် လယ်ယာမြေကို ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခဲ့သည့်ပြဿနာများ ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်း

၁၄။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပြဋ္ဌာန်းပြီးနောက် ၁-၉-၂၀၁၂ ရက်နေ့မှ စံပြုလုပ်ထုံးလုပ်နည်း ရေးဆွဲရန် အမိန့်ထုတ်ပြန်သည့် ၁၈-၈-၂၀၁၃ ရက်နေ့အထိ လယ်ယာမြေကို ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်း ကျူးလွန်အသုံးပြုခဲ့သည့်ကိစ္စရပ်များ (မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်း ကျရောက် သည့်ကိစ္စရပ်များ)နှင့်စပ်လျဉ်း၍

(က) ခွင့်ပြုသင့်သော ကိစ္စရပ်များဖြစ်ပါက-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သည် လယ်မြေဖြစ်ပါက အပိုဒ် ၅ ပါ သတ်မှတ်ချက်များ ညီညွတ်မှန်ကန်

မှုရှိကြောင်း အချက်အလက် ပြည့်စုံစွာ ပူးတွဲ၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

(၂) အပိုဒ်ခွဲငယ် (၁) ပါ တင်ပြလာမှုအပေါ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များ ရယူဆောင်ရွက်ရမည်။

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေဖြစ်ပါက အပိုဒ် ၅ ပါ သတ်မှတ်ချက်များ ညီညွတ်မှန်ကန်မှုရှိကြောင်း အချက်အလက် ပြည့်စုံစွာပူးတွဲ၍ သဘောထားမှတ်ချက်ဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

(၄) အပိုဒ်ခွဲငယ် (၃) ပါ တင်ပြလာမှုအပေါ် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များရယူဆောင်ရွက်ရမည်။

(၅) သဘောထားမှတ်ချက်များတောင်းခံရာတွင် အောက်ဖော်ပြပါ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများပါဝင်ရမည်-

(ကက) ပြည်ထဲရေးဝန်ကြီးဌာန၊

( ခခ ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

( ဂဂ ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊

(ဃဃ) ခွင့်ပြုသင့်သည့်ကိစ္စရပ်နှင့် သက်ဆိုင်သည့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန၊

( ငင ) လုံခြုံရေးပိုင်းဆိုင်ရာကိစ္စနှင့်ပတ်သက်ပါက ကာကွယ်ရေးဝန်ကြီးဌာန။

(၆) လယ်မြေအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကလည်းကောင်း၊ လယ်မြေမှတစ်ပါးလယ်ယာမြေအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကလည်းကောင်း လယ်ယာမြေအား အခြားနည်းသုံးစွဲခွင့် ခွင့်ပြုမိန့်အား တည်ဆဲလယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထုတ်ပေးရမည်။

(၇) လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးခြင်းကို ဆောင်ရွက်လျှင် နောက်ဆက်တွဲ ဇယားပုံစံ-၃ ပါ ဒဏ်ကြေးကို ပေးဆောင်ပြီး

ကြောင်း အထောက်အထားတင်ပြပြီးမှသာ အပိုဒ်ခွဲငယ် (၆) ပါအတိုင်း ခွင့်ပြုမိန့်ထုတ်ပေးရမည်။

(ခ) ခွင့်မပြုသင့်သော ကိစ္စရပ်များဖြစ်ပါက-

(၁) အပိုဒ် ၁၀ ပါ အကြောင်းကြားချက်နှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့များသည် အဆိုပါ လယ်ယာမြေအား လယ်ယာမြေဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေခြင်း၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၉ နှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်စေခြင်း၊ တည်ဆောက်ထားသောအဆောက်အအုံအား ဖျက်သိမ်းခြင်းစသည်တို့ ဆောင်ရွက်ရမည်။

(၂) အဆင့်မြှင့်တင်ထားသည့် လယ်မြေများ၊ ဆည်ရေသောက်လယ်မြေများ၊ ပုံမှန်စိုက်ပျိုးလုပ်ကိုင်နိုင်သည့် လယ်ယာမြေများ၊ ပုံမှန်စိုက်ပျိုးလုပ်ကိုင်နိုင်သည့် လယ်မြေမှ တစ်ပါးလယ်ယာမြေများဖြစ်ခဲ့ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ကျူးလွန်သူအား မူလအတိုင်းပြန်လည်စိုက်ပျိုးစေရမည်။

(၃) ကျူးလွန်သူသည် မူလစိုက်ပျိုးခဲ့သော သီးနှံအမျိုးအစားကို ပြန်လည်စိုက်ပျိုးခြင်း မဆောင်ရွက်နိုင်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေဥပဒေ ပုဒ်မ ၁၉ ပါ ပြစ်ဒဏ်ချမှတ်၍ သင့်လျော်သည့် သီးနှံအမျိုးအစားကို စိုက်ပျိုးစေခြင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပြန်လည်ရုပ်သိမ်းခြင်းကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(၄) အပိုဒ်ခွဲငယ်(၃)ပါအတိုင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေဖြစ်ပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့လည်းကောင်း၊ လယ်မြေမှတစ်ပါး လယ်ယာမြေဖြစ်ပါက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့လည်းကောင်း တင်ပြရမည်။

၁၅။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပြဋ္ဌာန်းပြီးနောက် ၁-၉-၂၀၁၂ ရက်နေ့မှ စံပြုလုပ်ထုံးလုပ်နည်းရေးဆွဲရန် အမိန့်ထုတ်ပြန်သည့် ၁၈-၈-၂၀၂၃ ရက်နေ့အထိ လယ်ယာမြေကို ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်း ကျူးလွန်အသုံးပြုခဲ့သည့်ကိစ္စရပ်များ (မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်း မကျရောက်သည့်ကိစ္စရပ်များ)နှင့်စပ်လျဉ်း၍

(က) ခွင့်ပြုသင့်သော ကိစ္စရပ်များဖြစ်ပါက-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေဖြစ်ပါက အပိုဒ် ၅ ပါ သတ်မှတ်ချက်များ ညီညွတ်မှန်ကန်

မှုရှိကြောင်း အချက်အလက် ပြည့်စုံစွာ ပူးတွဲ၍ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည့်အပြင် မည်သည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၌ မည်ကဲ့သို့ သွတ်သွင်း၍ စီမံအုပ်ချုပ်မည်ကို သက်ဆိုင်ရာ အစိုးရအဖွဲ့၏ သဘောထား မှတ်ချက်နှင့်အတူ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

(၂) အပိုဒ်ခွဲငယ် (၁) ပါ တင်ပြလာမှုအပေါ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များ ရယူဆောင်ရွက်ရမည်။

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေဖြစ်ပါက အပိုဒ် ၅ ပါ သတ်မှတ်ချက်များ ညီညွတ်မှန်ကန်မှုရှိကြောင်း အချက်အလက် ပြည့်စုံစွာပူးတွဲ၍ တင်ပြရမည့်အပြင် မည်သည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၌ မည်ကဲ့သို့ သွတ်သွင်း၍ စီမံအုပ်ချုပ်သင့်သည်ကိုပါ အကြံပြုချက်နှင့်အတူ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

(၄) အပိုဒ်ခွဲငယ် (၃) ပါ တင်ပြလာမှုအပေါ် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များရယူဆောင်ရွက်ရမည်။

(၅) သဘောထားမှတ်ချက်များတောင်းခံရာတွင် အောက်ဖော်ပြပါ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများပါဝင်ရမည်-

(ကက) ပြည်ထဲရေးဝန်ကြီးဌာန၊

(ခခ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

(ဂဂ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊

(ဃဃ) ဆောက်လုပ်ရေးဝန်ကြီးဌာန၊

(ငင) ခွင့်ပြုသင့်သည့်ကိစ္စရပ်နှင့် သက်ဆိုင်သည့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန၊

(စစ) လုံခြုံရေးပိုင်းဆိုင်ရာကိစ္စနှင့်ပတ်သက်ပါက ကာကွယ်ရေးဝန်ကြီးဌာန။

(၆) လယ်မြေအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကလည်းကောင်း၊ လယ်မြေမှတစ်ပါးလယ်ယာမြေအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကလည်းကောင်း လယ်ယာမြေအား အခြားနည်းသုံးစွဲခွင့်

ခွင့်ပြုမိန့်အား တည်ဆဲလယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထုတ်ပေးရမည်။

(၇) လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးခြင်းကို ဆောင်ရွက်လျှင် နောက်ဆက်တွဲ ဇယားပုံစံ-၄ပါ ဒဏ်ကြေးကို ပေးဆောင်ပြီးကြောင်း အထောက်အထားတင်ပြပြီးမှသာ အပိုဒ်ခွဲငယ် (၆) ပါအတိုင်း ခွင့်ပြုမိန့်ထုတ်ပေးရမည်။

(ခ) ခွင့်မပြုသင့်သော ကိစ္စရပ်များဖြစ်ပါက-

(၁) အပိုဒ် ၁၀ ပါ အကြောင်းကြားချက်နှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့များသည် အဆိုပါ လယ်ယာမြေအားလယ်ယာမြေဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေခြင်း၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၉ နှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်စေခြင်း၊ တည်ဆောက်ထားသောအဆောက်အအုံအား ဖျက်သိမ်းခြင်းစသည်တို့ ဆောင်ရွက်ရမည်။

(၂) အဆင့်မြှင့်တင်ထားသည့် လယ်မြေများ၊ ဆည်ရေသောက်လယ်မြေများ၊ ပုံမှန်စိုက်ပျိုးလုပ်ကိုင်နိုင်သည့် လယ်ယာမြေများ၊ ပုံမှန်စိုက်ပျိုးလုပ်ကိုင်နိုင်သည့်လယ်မြေမှ တစ်ပါးလယ်ယာမြေများဖြစ်ခဲ့ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ကျူးလွန်သူအား မူလအတိုင်းပြန်လည်စိုက်ပျိုးစေရမည်။

(၃) ကျူးလွန်သူသည် မူလစိုက်ပျိုးခဲ့သော သီးနှံအမျိုးအစားကို ပြန်လည်စိုက်ပျိုးခြင်းမဆောင်ရွက်နိုင်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေဥပဒေ ပုဒ်မ ၁၉ ပါ ပြစ်ဒဏ်ချမှတ်၍ သင့်လျော်သည့် သီးနှံအမျိုးအစားကိုစိုက်ပျိုးစေခြင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပြန်လည်ရုပ်သိမ်းခြင်းကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(၄) အပိုဒ်ခွဲငယ်(၃)ပါအတိုင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေဖြစ်ပါကဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့လည်းကောင်း၊ လယ်မြေမှတစ်ပါးလယ်ယာမြေဖြစ်ပါက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့သို့လည်းကောင်း တင်ပြရမည်။

## အခန်း (၈)

## လယ်ယာမြေကို ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခဲ့သည့်ပြဿနာများ နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့်နည်းလမ်း

၁၆။ လယ်ယာမြေများကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း ကျူးလွန်အသုံးပြုမှုများကို အရေးယူနိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တိုက်ရိုက် တာဝန်ရှိသောသူများ၊ သတင်းပေးပို့ရန် တာဝန်ရှိသူများ**

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများမှ တာဝန်ပေးခန့်အပ်ထားသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တာဝန်ခံဝန်ထမ်းများ၊

(၂) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၊

(၃) စောင့်ကြည့်စိစစ်တင်ပြရေးအဖွဲ့။

(ခ) **ကြပ်မတ်ကွပ်ကဲရန် တာဝန်ရှိအဖွဲ့အစည်းများ**

(၁) သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၊

(၂) သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၊

(၄) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊

(၅) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့။

(ဂ) **အခြားဆက်စပ် တာဝန်ရှိအဖွဲ့အစည်းများ**

(၁) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊

(၂) ပြည်ထဲရေးဝန်ကြီးဌာန၊

(၃) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊

(၄) နယ်စပ်ရေးရာဝန်ကြီးဌာန၊

(၅) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊

(၆) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊

(၇) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

(၈) သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

(၉) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊

(၁၀) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊

(၁၁) စက်မှုဝန်ကြီးဌာန၊

(၁၂) ပညာရေးဝန်ကြီးဌာန၊

(၁၃) ကျန်းမာရေးဝန်ကြီးဌာန၊

(၁၄) ဆောက်လုပ်ရေးဝန်ကြီးဌာန၊

(၁၅) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊

(၁၆) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊

(၁၇) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

၁၇။ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်ကြောင်း စတင် တွေ့ရှိသည်နှင့်တစ်ပြိုင်နက် တိုက်ရိုက်တာဝန်ရှိသောသူများ၊ သတင်းပေးပို့ရန် တာဝန်ရှိသူများ၊ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များနှင့် အစိုးရဌာနအဖွဲ့အစည်းများက အောက်ပါအတိုင်း ဆက်လက် ဆောင်ရွက်ရမည်-

**(က) တားမြစ်ဆောင်ရွက်ခြင်းနှင့် တရားစွဲဆိုခြင်း**

(၁) စောင့်ကြည့်စိစစ်တင်ပြရေးအဖွဲ့သည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှု ရှိ မရှိ အား ဥပဒေနှင့်ညီညွတ်သော နည်းလမ်းမျိုးစုံဖြင့် စောင့်ကြည့်စိစစ်ပြီး၊ ကျူးလွန်မှုရှိပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များသို့ ချက်ချင်းသတင်းပေးပို့ရမည်။

(၂) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ သည် စည်းကမ်းဖောက်ဖျက်သူအား ကျူးလွန်ဆောင်ရွက်နေမှုကို ရပ်တန့်စေပြီး ဖျက်သိမ်း ဖယ်ရှားရေးအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် စီမံ အုပ်ချုပ်ရေးအဖွဲ့များသို့ ချက်ချင်း သတင်းပေးပို့ တင်ပြရမည်။

(၃) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့သည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတင်းပေးပို့ တင်ပြစဉ်အတွင်း လယ်ယာမြေ ဥပဒေပါ စည်းကမ်းချက်များကို လိုက်နာမှု ရှိ မရှိ အမြန်စစ်ဆေး၍ လိုက်နာခြင်းမရှိပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေ များနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်ရမည်။

(၄) လယ်ယာမြေလုပ်ပိုင်ခွင့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းစတင်သိရှိသည်နှင့်တစ်ပြိုင်နက် စီမံအုပ်ချုပ်ရေးအဖွဲ့က လိုအပ်ပါက ဒေသန္တရအမိန့် ထုတ်ပြန်တားမြစ်နိုင်ရေး ချက်ချင်း ဆောင်ရွက်ရမည်။

(၅) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက်ရရှိပါက လယ်ယာမြေဥပဒေပုဒ်မ ၁၉ နှင့်အညီ အမိန့်ထုတ်ပြန်နိုင်ရေး ချက်ချင်း ဆောင်ရွက်ရမည်။

(၆) ကျူးလွန်သူသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အမိန့်ကို လိုက်နာခြင်းမရှိလျှင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တည်ဆဲလယ်ယာမြေဥပဒေနှင့်အညီ တရားစွဲဆိုရမည့်အပြင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့က ကျူးလွန်သူအား နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများ ဖယ်ရှားခြင်းကို ချက်ချင်း ဆောင်ရွက်ရမည်။

(၇) သက်ဆိုင်ရာ တရားရုံးနှင့် ဥပဒေရုံး အဆင့်ဆင့်သည် ယင်းကဲ့သို့ တရားစွဲဆိုခြင်းကိစ္စရပ်ကို အထူးကိစ္စတစ်ရပ်အနေဖြင့် အမြန်ဆုံးစစ်ဆေးဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ အထက်တရားရုံးနှင့် ဥပဒေရုံး အဆင့်ဆင့်က လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ရမည်။

(၈) လယ်ယာမြေပေါ်တွင် အခြားနည်းအသုံးပြုရန် ရည်ရွယ်၍ မြေကွက်ရိုက်ဖော်ထုတ်ဆောင်ရွက်ခြင်းများကို ကာကွယ်နိုင်ရန်အလို့ငှာ လယ်ယာမြေများ ရောင်းဝယ်ခြင်းကိစ္စများအား သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စိစစ်ရမည်။

(ခ) ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း

(၁) ကျူးလွန်သူသည် ကျူးလွန်မှုအား ရပ်တန့်ခြင်းမရှိသည့်အပေါ် ထိုက်သင့်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာတွင် ခရိုင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့ကလည်းကောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကလည်းကောင်း လယ်ယာမြေဥပဒေနှင့် စီမံခန့်ခွဲရေး နည်းလမ်းများအရ ကြပ်မတ်ဆောင်ရွက်ရမည်။

(၂) ကျူးလွန်သူသည် လယ်ယာမြေဥပဒေပုဒ်မ ၃၅ နှင့် ပုဒ်မ ၃၆ တို့ပါ ပြဋ္ဌာန်းချက်များအတိုင်း သက်ဆိုင်ရာ တရားရုံးများ၏ ပြစ်ဒဏ်ကျခံပြီးနောက် မူလနည်းလမ်းအတိုင်း ပြန်လည်ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်စေခြင်းကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့တို့က ကြပ်မတ်ဆောင်ရွက်ရမည်။

(၃) ကျူးလွန်သူသည် မူလနည်းလမ်းအတိုင်း ပြန်လည်ဖော်ထုတ် စိုက်ပျိုးလုပ်ကိုင်ခြင်းကို မဆောင်ရွက်လျှင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့် ပြန်လည် ရုပ်သိမ်းနိုင်ရေးကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန် ခရိုင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ကြပ်မတ်ဆောင်ရွက်ရမည်။

(၄) လယ်ယာမြေပေါ်တွင် ကျူးလွန်အသုံးပြုမှုများကို နောင်ထပ်မံမဖြစ်ပွားစေရန်အတွက် သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်နှင့် အပိုဒ် ၁၆ (ဂ) ပါ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများက တည်ဆဲဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရမည်။

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသည် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်များအားအများပြည်သူသိရှိနားလည်နိုင်ရေး အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရမည်။

(၆) လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သည် အပိုဒ်ခွဲငယ် (၅) ပါအတိုင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့်နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံအစီရင်ခံ တင်ပြရမည်။

(ဂ) တာဝန်ပျက်ကွက်သူများကို အရေးယူခြင်း

(၁) လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သည် ကျူးလွန်အသုံးပြုမှုအပေါ် သတင်းပို့ရန်တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ စစ်ဆေးသတင်းပို့ ဆောင်ရွက်ရန်ပျက်ကွက်မှုများနှင့် ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန် ပျက်ကွက်မှုများ စစ်ဆေးတွေ့ရှိပါက ဖော်ထုတ်အရေးယူနိုင်ရေးဆောင်ရွက်ရမည်။

(၂) သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သည် တာဝန်နှင့်လုပ်ပိုင်ခွင့်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

(၃) လယ်ယာမြေများကို ခွင့်ပြုချက်မရရှိပဲ ကျူးလွန်အသုံးပြုခြင်းများအပေါ် လာဘ်ပေး လာဘ်ယူပြုလုပ်နေသူများအား စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူနိုင်ရေးဆောင်ရွက်ရမည်။

(ဃ) **မြို့ပြစီမံကိန်းများ၊ စီးပွားရေးလုပ်ငန်း စီမံကိန်းနှင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စီမံကိန်းများဆောင်ရွက်ခြင်း**

(၁) လူဦးရေတိုးတက်လာခြင်း၊ စီးပွားရေးဆိုင်ရာ အဆောက်အအုံများ တိုးတက်လာခြင်း၊ နိုင်ငံတော်နှင့် အများပြည်သူများ အကျိုးစီးပွားအလို့ငှာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့အတွက် မြို့ပြစီမံကိန်းများ၊ စီးပွားရေးလုပ်ငန်းစီမံကိန်းများနှင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စီမံကိန်းများအတွက် အသုံးပြုရန် မြေနေရာလိုအပ်ပါက သက်ဆိုင်ရာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့်ဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် အနာဂတ်မြေအသုံးချမှု စီမံကိန်းများရေးဆွဲ၍ ဆက်စပ်သည့်ဝန်ကြီးဌာနများ၏ သဘောထားရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

(၂) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောထားမှတ်ချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပါက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် သက်ဆိုင်ရာ အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄ နှင့်အညီ ဆောင်ရွက်ပြီးနောက် အဆိုပါမြေအား အစိုးရစီမံခန့်ခွဲ ပိုင်ခွင့်ရှိသောမြေအဖြစ် တည်ဆဲဥပဒေများနှင့်အညီ ဦးစွာစနစ်တကျပြောင်းလဲခြင်း၊ မြေနေရာချထားခြင်းတို့ကို ဆောင်ရွက်ရမည်။

(၃) အပိုဒ်ခွဲငယ်(၂)ပါ စီမံကိန်းမြေများအဖြစ်ပြောင်းလဲသတ်မှတ်ပြီးမှသာ မြို့၊ ကျေးရွာ သို့မဟုတ် ရပ်ကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး၊ လမ်းများဖောက်လုပ်ရေးစသည့် အခြေခံအဆောက်အအုံများကို သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများက ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးရမည်။

(၄) စီးပွားရေးအလို့ငှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်များနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံသူက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ရမည်။

အခန်း(၉)

အထွေထွေ

၁၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေများကို ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်းမရှိဘဲ အခြားနည်းသုံးစွဲခြင်း ပြဿနာများ ဖြစ်ပွားလာမှုကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

၁၉။ ခွင့်ပြုသင့်သောကိစ္စရပ်များတွင် ကျူးလွန်အသုံးပြုသည့် လုပ်ငန်းအမျိုးအစားအလိုက် နောက်ဆက်တွဲ ဇယားပုံစံများအတိုင်း သတ်မှတ်သည့် ဒဏ်ကြေးငွေကို ကျူးလွန်သူများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် ပေးသွင်းရမည်။

၂၀။ ထိုသို့ပေးသွင်းနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းနှင့်အညီ ဒဏ်ကြေးပေးသွင်းနိုင်ရေး ညွှန်ကြားချက် ထုတ်ပြန်ရမည်။

၂၁။ လယ်ယာမြေကို ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်းများ ထပ်မံမဖြစ်ပွားစေရေးအတွက် အချိန်မီ ထိန်းသိမ်းနိုင်ရန်အလို့ငှာ သတင်းပေးပို့ရန် တာဝန်ရှိသူများအနေဖြင့် ကျူးလွန်မှုအပေါ် သက်ဆိုင်ရာသို့ ချက်ချင်းသတင်းပေးပို့တိုင်ကြားပြီး သတင်းပေးပို့တိုင်ကြားမှုသည် မှန်ကန်ကြောင်း စိစစ်ပေါ်ပေါက်ပါက သတင်းပေးပို့သူအား ဆုငွေချီးမြှင့်ရမည်။

၂၂။ ထိုသို့ ချီးမြှင့်ရာတွင် ကျူးလွန်အသုံးပြုထားခြင်းအတွက် ချမှတ်သော ဒဏ်ကြေးငွေအား ပေးသွင်းလာချိန်တွင် ဒဏ်ကြေးငွေပမာဏ၏ (၁၀)% ကို ဆုကြေးငွေအဖြစ် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချက်ချင်း ချီးမြှင့်နိုင်ရေး ဆောင်ရွက်ရမည်။

၂၃။ အထက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လိုအပ်သောရန်ပုံငွေများကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေး သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ရန်ပုံငွေ လျာထား ဆောင်ရွက်ရမည်။

၂၄။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့က မူဝါဒပိုင်းဆိုင်ရာ ဆုံးဖြတ်ဆောင်ရွက်ရမည့်ကိစ္စရပ်များရှိပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြလမ်းညွှန်မှုခံယူရမည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ